အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁ အမှတ် ၂၈

၁၉ ဖေဖော်ဝါရီ ၂၀၂၃

## “ နွေဦးတော်လှန်ရေး နှစ်နှစ်ပြည့် အခမ်းအနား ပြင်သစ်(ပါရီ)တွင်ကျင်းပ ”

**ဖေဖော်ဝါရီ ၂**





အကြမ်းဖက်အာဏာသိမ်းစစ်တပ်နှင့် အာဏာရှင်စနစ်ဆန့်ကျင်ရေး မြန်မာ့နွေဦးတော်လှန်ရေး ၂နှစ်ပြည့် မြောက်သည့် အခမ်းအနားအား ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင် ကျင်းပခဲ့ရာ ပြင်သစ်နိုင်ငံရေးသမားများနှင့် အနုပညာရှင်များ အပြင် အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းလည်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားသို့ Mr.Jean-Luc Romero-Michel - Deputy Mayor of Paris၊ Carine Petit - Mayor of 14th district of Paris, ပြင်သစ်အနုပညာရှင် Jane Birkin တို့တက်ရောက်ခဲ့ကာ Mr. Jean-Luc Romero-Michel က ပါရီမြို့ရှိ စစ်ကောင်စီအာဏာခံသံရုံးက NUGအား Terrorists အဖွဲ့အစည်းဟုသုံး၍ မဆက်သွယ်ရန် အကြောင်းကြား ထားကြောင်း၊ သို့သော်လည်း မိမိအနေဖြင့် တတ်နိုင်သမျှ NUG ကို ဆက်လက် ဆက်သွယ်ကူညီပေးမည်ဖြစ်ကြောင်း ပြောဆို ခဲ့သည်။

ပြင်သစ် မင်းသမီးကြီး Jane Birkin ကလည်း မြန်မာနိုင်ငံ၏ အရေးအား လစ်လျူမရှုသင့်ကြောင်း၊ ပြင်သစ်မီဒီယာကြီးများ အနေနဲ့ ယူကရိန်းအရေးအား ကမ္ဘာမှသိအောင် ရေးသားထားသလို မြန်မာနိုင်ငံရှိဖြစ်ပျက်နေမှုများကိုလည်း ကမ္ဘာက သိအောင် ပြင်သစ်နိုင်ငံ Media ကြီးများတွင် အကျယ်တဝံ့ ရေးသားဖော်ပြလာအောင် တကူတကွ ကြိုးစားသွားမည် ဖြစ်ကြောင်း ဆိုသည်။

အဆိုပါပွဲသို့ ပြင်သစ်ရောက် မြန်မာအနုပညာရှင်အချို့လည်း ပါဝင်ခဲ့ကာ ကဗျာဆရာ ခက်သီနှင့် ဆရာ ကေဇင်လတ်တို့ ရေးသားခဲ့သည့် ကဗျာများအား ရွတ်ဖတ်ခြင်းနှင့် ပြင်သစ်လူငယ်အနုပညာရှင်များကလည်း ၎င်းတို့ ယဉ်ကျေးမှုအကများဖြင့် ပါဝင်တင်ဆက်ခဲ့ကြသည်။




မိဘပြည်သူများခင်ဗျာ…

မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက် တွေဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေ နဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

  စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်း ကုန်ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့တိုင်ကြားနိုင်ပါတယ်။

## ဖေဖော်ဝါရီ ၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၆ ရက်အတွင်း အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားအလိုက် မှတ်တမ်းတင်နိုင်မှုအခြေအနေ



# ဖေဖော်ဝါရီ ၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၆ ရက်အတွင်း အကြမ်းဖက်စစ်အုပ်စု၏ တိုင်းနှင့်ပြည်နယ် အသီးသီးတို့တွင် ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ




| Region | case |
|---|---|
| Kachin | 1 |
| Karenni | 2 |
| Karen | 2 |
| Chin | 2 |
| Mon | 4 |
| Sagaing | 43 |
| Magway | 9 |
| Tanintharyi | 8 |
| Rakhine | 8 |
| Bago | 4 |
| Mandalay | 4 |
| Nay Pyi Daw | 1 |
| | 88 |

ဖေဖော်ဝါရီလ၁ရက်မှ ၁၆ရက်နေ့အတွင်း စစ်ကောင်စီတပ်မှ စစ်ကိုင်းတိုင်း၊စစ်ကိုင်းမြို့နယ်၊ တံတားဦးကျေးရွာရှိ ပြည်သူပိုင်လူနေအိမ်များကို ပစ်ခတ်သဖြင့် (၆)နှစ်အရွယ် ကလေးငယ် တစ်ဦး ထိမှန်သေဆုံးခဲ့ခြင်း၊ တာတိုင်ကျေးရွာရှိ ပြည်သူပိုင် လူနေအိမ် (၆၀)ခန့်၊ မြောင်မြို့နယ် ပန်းညိုရွာတွင် အိမ်ခြေ ၁၂၀ခန့် မီးရှို့ ဖျက်ဆီးခံခဲ့ရခြင်း၊ စစ်အုပ်ချုပ်ရေးကြေညာ ထားသည့် အင်းတော်မြို့နယ်၊ မဲဇာရွာရဲစခန်းရှေ့တွင် စိတ်ကျန်းမာရေးမကောင်းသည့် အသက်(၄၅)နှစ်အရွယ် အလယ်ဆိပ်ရွာသားတစ်ဦးပစ်သတ်ခံရခြင်း တို့အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှု (၄၃)ခု ကျူးလွန်ခဲ့ပြီး တစ်နိုင်ငံလုံးတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အများဆုံးဖြစ်သည်။

(စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ပန်းညိုရွာအား အကြမ်းဖက်စစ်ကောင်စီနှင့် ပျူစောထီးများက စီးနင်းတပ်စွဲ မီးရှို့မှုနှင့် ဆက်စပ်သည့် အခြေအနေနှင့် နောက်ဆက်တွဲအခြေအနေများအား ဒေသခံတစ်ဦးအား ဆက်သွယ်မေးမြန်းထားခြင်း)

စာ - ၇ သို့

# " ၂၀၂၃ ဟာ NUG အနေနဲ့ နိုင်ငံတကာက အသိအမှတ်ပြုရေးအတွက် နောက်ထပ်အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်ပေးမယ့် အရေးကြီးဆုံးနှစ် ဖြစ်ပါတယ်"

**ဖေဖော်ဝါရီ - ၆**

"၂၀၂၃ ဟာ NUG အနေနဲ့ နိုင်ငံတကာက အသိအမှတ်ပြုရေးအတွက် နောက်ထပ်အောင်မြင်မှု ပန်းတိုင်ကို လှမ်းကိုင်ပေးမယ့် အရေးကြီးဆုံးနှစ် ဖြစ်ပါတယ်။ နိုင်ငံတကာပိုင်းဆိုင်ရာမှာ အဓိကရည်ရွယ်ထားတဲ့ အချက်များရှိပါတယ်။ ဒါတွေကတော့ (၁) လူ့အခွင့်အရေးဆိုင်ရာ ရာဇဝတ်မှုတွေကို ကျူးလွန်နေတဲ့ အကြမ်းဖက်စစ်အုပ်စုကို လုံးဝအအသိအမှတ် မပြုဘဲ၊ ဆက်ဆံမှုဘာမှမလုပ်ပဲနဲ့ NUG ကိုသာတရားဝင်အသိအမှတ်ပြု လက်ခံပေးဖို့၊ (၂) မြန်မာနိုင်ငံကလိုအပ်နေတဲ့ လူ့သားချင်းစာနာမှုအကူအညီတွေကို ပံ့ပိုးပေးပြီးတော့ ပြည်သူလူထုကို ကူညီစောင့်ရှောက်ပေးဖို့၊ (၃) အကြမ်းဖက်စစ်ကောင်စီကို စီးပွားရေးပိတ်ဆို့မှုနဲ့ လက်နက်တင်ပို့ရောင်းချမှု လုံးဝရပ်တန့်ဖို့၊ (၄) အကြမ်းဖက်စစ်ကောင်စီရဲ့ ရာဇဝတ်မှုကျူးလွန်မှုတွေကို နိုင်ငံတကာ တရားစီရင်မှုခုံရုံးတွေ၊ နိုင်ငံတကာ တရားစီရင်မှုလမ်းကြောင်းတွေ အသုံးချနိုင်ဖို့ စတာတွေအတွက်တောင်းဆိုတာတွေရှိပါတယ်"

**ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး - လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ (နော်ဝေနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး၊ ပြင်သစ်နိုင်ငံလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံသည့် ခရီးစဉ်အပြီး ဖေဖော်ဝါရီ ၆ ရက်က အလွတ်တန်းသတင်းထောက် ဦးသက်ထွေးနိုင်၏ မေးမြန်းမှုများအား ပြန်လည်ဖြေကြားခဲ့မှုများထဲမှ ကောက်နုတ်ချက်)**

---

# "Human Rights Barometer Epidose(6)"

**ဖေဖော်ဝါရီ - ၃**

"စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာ အကြမ်းဖက်စစ်အုပ်စုက စစ်ရာဇဝတ်မှုကျူးလွန်တာ ကြာလှပါပြီ။ တပ်ရင်းပေါင်း၊ တပ်ဖွဲ့ပေါင်းများစွာကလည်း စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးကို မွှေနှောက်ပြီးတော့ တကယ့်ကို တစ်စစီ ထိခိုက်အောင် မီးရှို့ဖျက်ဆီးပြီး သတ်ဖြတ်နေတာ ရှိပါတယ်။ အခု ဒီမှာ ကျွန်တော်တို့ လုပ်ဆောင်တဲ့ Report ကတော့ ဒီ စစ်ကိုင်းတိုင်းဒေသကြီးမှာ အခြေစိုက်တဲ့ ဒကစ (၁၀) အောက်မှာ ရှိတဲ့ ခြေမြန်တပ်ရင်း ၃၆၁၊ ၃၆၈၊ ၃၆၉ ကို အဓိကထားပြီးတော့ သုတေသနလုပ်ဆောင်တာပါ။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ တွေ့ရှိချက်မှာ ဒီစစ်ကြောင်းသုံးခုက၊ တပ်ရင်းသုံးခုပါတဲ့ စစ်ကြောင်းက စစ်ကိုင်းတိုင်းနယ်မြေအတွင်းမှာ တကယ့်ကို လှည့်ပတ်ပြီးတော့ ရွာစဉ်တိုင်းကို မီးရှို့နေတာ ရှိတယ်။ တချိန်တည်းမှာပဲ သူတို့ရဲ့ မီးရှို့မှုကြောင့် အရပ်သားပြည်သူတွေ၊ တချို့ဆို တကယ့်ကို မပြေးနိုင် မလွှားနိုင်တဲ့ သက်ကြီးရွယ်အိုတွေ၊ ရောဂါကြောင့် အိပ်ယာပေါ်မှာ လဲနေတဲ့သူတွေကအစ မီးရှို့ရင်းနဲ့ သေဆုံးသွားတာ၊ သတ်ဖြတ်သွားတာတွေလည်း အများကြီး တွေ့ရပါတယ်။ ဒီအချက်ကို ကြည့်မယ်ဆိုရင်တော့ သူတို့ရဲ့ လုပ်ဆောင်မှုက တကယ့်စစ်တပ်တစ်တပ်က နယ်မြေရှင်းလင်းရေးခေါင်းစဉ်ပဲ တပ်တပ်၊ ချေမှုန်းရေးဆိုတဲ့ နာမည်ပဲ တပ်တပ်၊ သူတို့က စစ်ရေးဗျူဟာကို အသုံးချတယ်၊ စစ်ရေးဆိုင်ရာ လက်နက်တွေ၊ စစ်ကြောင်းတွေ၊ ဒါတွေကို အသုံးချတယ်၊ ပြီးရင် အရပ်သားပြည်သူတွေ နေထိုင်တဲ့ ကျေးရွာတွေ မှန်းသိသိချည်းနဲ့၊ အရပ်သားပြည်သူမှန်းကို သိသိချည်းနဲ့ သတ်ဖြတ်မှုတွေ ဖြစ်တယ်" - **ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ (စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာ စစ်ကောင်စီတပ်ရဲ့ စစ်ရာဇဝတ်မှုများ| Human Rights Barometer - Episode 6 ကောက်နုတ်ချက်) (ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဇ္ဈိမသတင်းဌာနတို့ ပူးပေါင်းကာ နှစ်ပတ်တစ်ကြိမ် ထုတ်လွှင့်နေခြင်း ဖြစ်သည်။**

# “လက်နက်တင်ပို့မှုတားဆီးမှုတင်မကပဲ အခုဆိုရင် ယူကေလိုမျိုးနိုင်ငံကပါ လေယာဉ်ဆီတင်ပို့မှုကို ပိတ်ဆို့မှုတွေကို လုပ်ဆောင်လာ”

**ဖေဖော်ဝါရီ - ၇**

“စစ်အာဏာသိမ်းလို့ နွေဦးတော်လှန်ရေး ၂ နှစ်ကာလအတွင်းမှာ နိုင်ငံတကာအနေနဲ့ ပိုပြီးတော့အရေးယူဆောင်ရွက်မှုတွေတွေ့ရတာ ဝမ်းသာစရာအရမ်းကောင်းပါတယ်။ အရင်တုန်းက ရှိခဲ့တဲ့ စီးပွားရေးပိတ်ဆို့မှုတွေ၊ လက်နက်တင်ပို့မှုတားဆီးမှုတင်မကပဲ အခုဆိုရင် ယူကေလိုမျိုးနိုင်ငံကပါ လေယာဉ်ဆီတင်ပို့မှုကို ပိတ်ဆို့မှုတွေကို လုပ်ဆောင်လာခဲ့ပါတယ်။ ဒါတွေက အရင်ကတည်းက ကျွန်တော်တို့ တောင်းဆိုခဲ့တဲ့အချက်တွေကို လုပ်ဆောင်ပေးတယ်ဆိုတော့ တောင်းဆိုမှု၊ လှုံ့ဆော်မှုအောင်မြင်တယ်လို့ ပြောလို့ရပါတယ်။

အကြမ်းဖက်စစ်ကောင်စီကအရင်လိုသမရိုးကျစစ်ကြောင်းလှည့်ပြီး အခြေကျနိုင်တာမဟုတ်ပဲ သွားနေတဲ့စစ်ကြောင်းတစ်လျှောက်တွေ့သမျှဖျက်ဆီးမယ် တကယ်တမ်း အဲ့ဒီဒေသကို စိုးမိုးမှုမလုပ်နိုင်ဘူး။ ဒါ့ကြောင့်သူတို့လေကြောင်းတိုက်ခိုက်မှုတွေပိုပြီးစိပ်လာတယ်။ သုံးတဲ့လက်နက်တွေကလည်းပိုမိုပြီး ပြင်းထန်တဲ့လက်နက်တွေဖြစ်လာတယ်။ ပြည်သူ လူထုကလေကြောင်း တိုက်ခိုက်မှုဒဏ်ကိုခံနေရတယ်။ ဒါကြောင့်လေကြောင်းအန္တရာယ်က ကောင်းကင်ကချပေးတဲ့ သေမင်းတမန်လို ဖြစ်နေတယ်။ ဒါကြောင့်မို့ဒီလိုမျိုး လေယာဉ်ဆီပိတ်ဆို့မှုတွေကို ကြိုဆိုပါတယ်။ လေယာဉ်ဆီရောင်းချမှုအပါအဝင် စစ်လက်နက်၊ စစ်တပ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှု၊ နည်းပညာ၊ လူအင်အား ကူညီမှုအားလုံး အမြန်ဆုံးရပ်တန့်ဖို့အတွက် NUG အနေနဲ့နိုင်ငံတကာကို တောင်းဆိုပါတယ်။

မြန်မာနိုင်ငံရဲ့အခြေအနေကသာမန် လူ့အခွင့်အရေးချိုးဖောက်ခံနေရတဲ့အခြေအနေမျိုးမဟုတ်ပဲ စစ်တပ်က စနစ်တကျနဲ့ ရည်ရွယ်ပြီးတော့ပြည်သူလူထုကို ရန်သူသဖွယ်သတ်မှတ်ပြီးတော့ လုပ်ဆောင်နေတဲ့ ရာဇဝတ်မှုတွေဖြစ်နေတဲ့အတွက် ကမ္ဘာကအာရုံစိုက်ပြီး လုပ်ဆောင်ရမယ့်အခြေအနေမျိုးဖြစ်တယ်။ စိတ်မကောင်းစရာက ကမ္ဘာကအာရုံစိုက်ပြီးလုပ်ဆောင်ဖို့အတွက် ပြည်သူတွေအသတ်ခံနေရတယ်။ ရွာတွေမီးရှို့ဖျက်ဆီးခံနေရတယ်။ ဒုက္ခသည်တွေ ထောင်၊ သောင်း၊ သိန်းချီပြီးတော့ဖြစ်နေရတယ်။

အမေရိကန်နိုင်ငံ NDAA ရဲ့အဆုံးအဖြတ်က NUG, NUCC, EROs ဒါတွေကို ကူညီပေးဖို့လိုအပ်တယ်ဆိုပြီးတော့ တိုက်ရိုက်ကူညီပေးရမယ့် လမ်းကြောင်းကို ဖော်ပေးလိုက်တယ်။ ဘယ်လိုလုပ်ရမလဲ၊ ဘယ်သူကစမလဲလို့ နဝေတိမ်တောင်ဖြစ်နေတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက ငါတို့လည်းလုပ်ဖို့လိုအပ်ပြီဆိုတဲ့စိတ်ဓါတ်မျိုး ပေါက်ဖွားလာတာပါ။ တစ်နိုင်ငံစလို့ နောက်ထပ်တစ်နိုင်ငံစတယ် စဖို့အတွက်လည်းတွန်းအားတွေရှိတယ်။ ဒါပေမယ့် မြန်မာနိုင်ငံအတွက် coordinated global Action မျိုးဖြစ်ဖို့အတွက် ပိုပြီးတော့လိုအပ်တယ်” - **ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး - လူ့အခွင့်အရေးဝန်ကြီးဌာန၊ အမျိုးသား ညီညွတ်ရေးအစိုးရ (BNI သတင်းဌာနနှင့် ဖေဖော်ဝါရီ ၇ ရက်က ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်း ကောက်နုတ်ချက်)**

# “အကြမ်းဖက်စစ်အုပ်စုဟာ အရပ်သားပြည်သူတွေအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခြင်း အတွက် လေကြောင်းတိုက်ခိုက်မှုတွေကို အဓိကထားအသုံးပြုနေ”

**ဖေဖော်ဝါရီ - ၅**




“အကြမ်းဖက်စစ်အုပ်စုဟာ အရပ်သားပြည်သူတွေအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းအတွက် လေကြောင်းတိုက်ခိုက်မှုတွေကို အဓိကထားအသုံးပြုနေတာကိုတွေ့ရှိရပါတယ်။ ဒီလိုတိုက်ခိုက်မှုကြောင့် တိုက်ခိုက်ခံရတဲ့ ဒေသတွင်းမှာ ရှိတဲ့ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် ပြည်သူလူထုဟာ အလွန်အမင်းထိခိုက်နစ်နာမှု၊ အသက်ဆုံးရှုံးမှုတွေ ခံစားခဲ့ရပါတယ်။ အကြမ်းဖက်စစ်အုပ်စုဟာ ဒီလေကြောင်းတိုက်ခိုက်မှုကို အားသာချက်တစ်ခုအနေဖြင့် အသုံးပြုနေခြင်းဟာ ၎င်းတို့အနေနဲ့ မြေပြင်အခြေအနေတွေကို ထိန်းချုပ်နိုင်စွမ်းမရှိတာကို ထင်ထင်ရှားရှားကြီး ပြသနေတာပဲဖြစ်ပါတယ်” - **ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး - လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ (Al Jazeera မီဒီယာနှင့် ဖေဖော်ဝါရီ ၅ ရက်က တွေ့ဆုံမေးမြန်းခန်းပြုလုပ်စဉ် အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းသုံးတိုက်ခိုက်ခြင်း ဖြစ်သော စစ်ပွဲဆိုင်ရာ ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်စု အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအားနှင့် ဆက်စပ်၍ ဖြေကြားခဲ့သည့် ကောက်နုတ်ချက်၊ ယင်းတွေ့ဆုံမေးမြန်းခန်း၌ နိုင်ငံတကာအနေဖြင့် အကြမ်းဖက်စစ်အုပ်စု အား မည်သို့ တားဆီးပိတ်ပင်ရန် လိုအပ်ကြောင်းကိုလည်း ထည့်သွင်းပြောကြား ဖြေဆိုခဲ့သည်။)**

# “လူသားချင်းဆိုင်ရာ အရေးပေါ်ရန်ပုံငွေပွဲ၌ ဒုဝန်ကြီး ပါဝင်”

**ဖေဖော်ဝါရီ ၁၅**




မြန်မာနိုင်ငံအတွင်းသို့ ပို့ဆောင်ကူညီပေးမည့် လူသားချင်းဆိုင်ရာ အရေးပေါ်ရန်ပုံငွေ ဖျော်ဖြေပွဲအား “Chan Chan – Humanitarian Emergency Fund for Myanmar – Australia Tour 2023) အမည်ဖြင့် ဩစတြေးလျ နိုင်ငံ မြို့ကြီးငါးမြို့၌ ပြုလုပ်ခဲ့မှု အောင်မြင်စွာ ပြီးစီးခဲ့မှု အခမ်းအနားအား အမျိုးသားညီညွတ်ရေးအစိုးရ၊လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီး ခွန်းဗဟန်းထန် ပါဝင်တက်ရောက်ခဲ့သည်။

ရန်ပုံငွေရှာဖွေရေး ဂီတပွဲအား ဩစတြေးလျနိုင်ငံ ဆစ်ဒနီ၊ Adelaide, မဲလ်ဘုန်း၊ ပတ်ချ်၊ ဘရစ္စဘင်း စသည့်မြို့ကြီး ငါးမြို့၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကာ အဆိုပါဂီတပွဲများသို့ ဒုဝန်ကြီး အပြင် လူသားချင်းစာနာထောက်ထားရေးနှင့်ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြတ်အေးတို့ကလည်း နှုတ်ခွန်းဆက် ရုပ်သံဗီဒီယို ဖိုင်များပေးပို့၍ ပါဝင်ပေးခဲ့ ကြသည်။

## "ရွာထဲမှာ ဆီတွေရှာပြီး ပတ်ပြီးတော့ မီးပုံးနဲ့ ရှို့တာပါဗျ"

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ပန်းညိုရွာအား အကြမ်းဖက်စစ်ကောင်စီနှင့် ပျူစောထီးများက အင်အား ၁၀၀ ခန့်က ဖေဖော်ဝါရီ ၆ ရက်တွင် ဝင်ရောက်စီးနင်းပြီးနောက် ဖေဖော်ဝါရီ ၉ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့ရာ စိတ်မကျန်းမာသူ အသက် ၉၀ ကျော် အဖွားအိုတစ်ဦး မီးလောင် သေဆုံးကာ ပြည်သူပိုင်နေအိမ် ၁၂၁ လုံး မီးလောင် ပျက်စီး ဆုံးရှုံးခဲ့သည်။

အကြမ်းဖက်စစ်ကောင်စီနှင့် ပျူတပ်ဖွဲ့များမှာ နေအိမ်များအား မီးရှို့မှု မပြုလုပ်စဉ် ကျေးရွာဘုန်းကြီးကျောင်း၌တပ်စွဲကာ နေအိမ်များအတွင်း ဝင်ရောက်လုံခြုံရေးကင်း ယူထားပြီးမှ မီးရှို့မှုပြုလုပ်ခဲ့ခြင်းဖြစ်ကာ နေအိမ်များအတွင်းရှိ အဖိုးတန်ပစ္စည်းများအား လုယက်ခြင်း၊ မွေးမြူထားသည့် တိရစ္ဆာန်များအား ဖမ်းဆီးသတ်ဖြတ် စားသောက်ခြင်းနှင့် မသယ်ယူနိုင်သည့် ပစ္စည်းများကိုလည်း မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။

"ရွာထဲမှာ ဆီတွေရှာပြီး ပတ်ပြီးတော့ မီးပုံးနဲ့ ရှို့တာပါဗျ။ ရှို့တာတော့ နေ့လယ်ပိုင်းလောက်ကတည်းက ရှို့တာ။ ရှို့တာသိတော့ ကျွန်တော်တို့ ဒီဘက်အဖွဲ့အစည်းတွေက ခဏစောင့်တယ်။ စောင့်ပြီးတော့ ဝင်ပစ်တယ်။ ဝင်ပစ်ရင်းနဲ့ကို သူတို့ကရှို့တယ်။ တစ်ယောက်တော့ မီးထဲပါသွားတယ်ဗျ။ အိမ်အလုံးပိတ်ထားတော့ ပါသွားတယ်။ အမျိုးသမီးဗျ။ အသက်က ၉၂ နှစ်လောက်ရှိပြီ။ သူက ဦးနှောက်ပိုင်းဆိုင်ရာ ချို့ယွင်းတဲ့သူလည်း ဖြစ်တယ်ဗျ။ သူက နေခဲ့တာ။ သူတို့ ဘုန်းကြီးကျောင်းမှာ တပ်စွဲတယ်၊ ရွာထဲအိမ်တွေမှာ ကင်းချတယ်၊ တိရစ္ဆာန်တွေ ဖျက်ဆီးသတ်ဖြတ် စားသောက်တာတွေရှိတယ်။ ပစ္စည်းတွေကို အိမ်တိုင်းစေ့မွှေတယ်။ ရသမျှပစ္စည်းတွေကို အဖိုးတန်ပစ္စည်းရော၊ အဖိုးမတန်တဲ့ပစ္စည်းရော အကုန်ယူတယ်ဗျာ။ ဈေးဆိုင်တွေမှာဆို ဖိနပ်၊ အအေး၊ ဆန်၊ ဆီ၊ ဆားအကုန်ယူတယ်။ လူအသုံးဆောင်ပစ္စည်းတွေလည်း အကုန်ယူတယ် တစ်ခုမှ မချန်ဘူး" - **ဒေသခံတစ်ဦး**

**(စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ပန်းညိုရွာအား အကြမ်းဖက်စစ်ကောင်စီနှင့် ပျူစောထီးများက စီးနင်းတပ်စွဲ မီးရှို့မှုနှင့် ဆက်စပ်သည့် အခြေအနေနှင့် နောက်ဆက်တွဲအခြေအနေများအား ဒေသခံတစ်ဦးအား ဆက်သွယ်မေးမြန်းထားခြင်း)**

## စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

၄၄

အကြမ်းဖက် အာဏာသိမ်းစစ်ကောင်စီက စစ်အုပ်ချုပ်ရေးကြေညာထားသည့် မြို့နယ်ပေါင်း ၄၄ မြို့နယ်အထိ ရှိလာပြီဖြစ်သည်။ ယင်းအနက် ၃၇ မြို့နယ်မှာ စစ်တပ်အာဏာသိမ်းမှု နှစ်နှစ်ပြည့်ပြီးနောက် စစ်ကောင်စီသက်တမ်း ဆက်တိုးချိန်၌ ထပ်မံတိုးမြှင့် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါမြို့နယ်များမှာ တိုင်းနှင့် ပြည်နယ် ကိုးခုမှ ဖြစ်သည်။ စစ်အုပ်ချုပ်ရေးတိုးမြှင့်နယ်မြေများ ပိုများလာမှုအနက် ထူးခြားမှုရှိနေကာ အာဏာသိမ်းပြီး နှစ်နှစ်အတွင်း ကရင်ပြည်နယ်၌ တိုက်ပွဲ ပေါင်း ၄,၂၀၀ ထက်မနည်း ရှိခဲ့သော်လည် ယခုစစ်အုပ်ချုပ်ရေးတိုးမြှင့် ထုတ်ပြန်သည့် မြို့နယ်များတွင် တိုက်ပွဲပေါင်း ၁၅၄ ကြိမ်သာ ရှိခဲ့သည်။

၈ = ၁၀၇

အာဏာသိမ်းစစ်ကောင်စီက စစ်အုပ်ချုပ်ရေး ကြေညာထားသည့် မြို့နယ် ၄၄ ခုတွင် တပ်မကြီး ၈ ခုမှ လက်အောက်ခံတပ်များရှိကာ ယင်းဒေသများတွင်ပင် တော်လှန်ရေး အင်အားစုများဘက်မှ တပ်ရင်း၊ တပ်ဖွဲ့၊ စစ်ကြောင်း ၁၀၇ ခုထက်မနည်း လှုပ်ရှားလျက်ရှိသည်။

### ၃၃၀ - ၁၃၂

စစ်တပ်အာဏာသိမ်းမှုကို တစ်နိုင်ငံလုံး ဆန့်ကျင်ခဲ့ရာ နှစ်နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ အနက် ၁၃၂ မြို့နယ်မှာ တည်ငြိမ်မှု မရှိကြောင်း စစ်ကောင်စီ ထုတ်ပြန်ချက်များက ဖော်ပြလျက် ရှိသည်။

### ၂,၉၉၈

စစ်တပ်အာဏာသိမ်းပြီးနောက် ဖြစ်ပေါ်လာသည့် နွေဦး တော်လှန်ရေး နှစ်နှစ်ကျော်ကာလအတွင်း အကြမ်းဖက် စစ်ကောင်စီ၏ နှိပ်စက်ညှင်းပန်း၊ သတ်ဖြတ်မှုများကြောင့် ပြည်သူပေါင်း ၂,၉၉၈ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

### ၁၅,၈၈၃- ၄,၃၃၇

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းပြီးချိန်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အထိ နိုင်ငံတစ်ဝန်း၌ ပြည်သူနှင့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ၁၅,၈၈၃ ဦးအား မတရား ဖမ်းဆီးချုပ်နှောင် ထားရာ ယင်းအနက်မှ ၄,၃၃၇ ဦးအား မတရားပြစ်ဒဏ်များ ချမှတ်ထားသည်။ ၃,၈၂၁ ဦးမှာ ပြန်လည်လွတ်မြောက်လာပြီ ဖြစ်သည်။

### ၁၄၄ - ၄၁

အာဏာရှင်စနစ် ဆန့်ကျင်ရေး နွေဦးတော်လှန်မှုအတွင်း ပါဝင်မှု ဖြင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အထိ အကြမ်းဖက် စစ်ကောင်စီ၏ သေဒဏ်ခံရသူပေါင်း ၁၄၄ ဦးအထိ ရှိပြီ ဖြစ်သည်။ ယင်းအနက် ၁၂၁ ဦးမှာ မျက်ကွယ်သေဒဏ် ချမှတ်ခံ ခဲ့ရခြင်းဖြစ်ကာ လက်တွေ့ ကွပ်မျက်ခံခဲ့ရသူ ၄၁ ဦးအထိ ရှိသည်။ နိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ သေဒဏ်ဖြင့် ဆက်လက်ထိန်းသိမ်းခံထားရသူပေါင်းမှာ ၁၀၃ ဦးအထိ ရှိသည်။

### (၄၀၀) - ၄

စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ တင့်တယ်ကျေးရွာအား ဖေဖော်ဝါရီ ၁၂ ရက်က အင်အား ၈၀ ခန့်ရှိ အကြမ်းဖက် စစ်ကောင်စီနှင့် ၎င်းတို့ လက်နက်တပ်ဆင်ပေးထားသည့် ပျူစောထီးများက ဝင်ရောက်စီးနင်းမီးရှို့ခဲ့ရာ အပြစ်မဲ့ပြည်သူ များပိုင် နေအိမ် ၄၀၀ ခန့် မီးလောင်ပျက်စီးခဲ့သည့်အပြင် သက်ကြီး ရွယ်အိုနှင့် မသန်စွမ်းပြည်သူ လေးဦးလည်း ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရသည်။ သေဆုံးသူ လေးဦးမှာ အသက် ၇၀ နှစ်အရွယ်ခန့် ဒေါ်သန်းနိုင်နှင့် ဒေါ်ပန်၊ ကျန်းမာရေးမကောင်း၍ အိမ်ရာထဲ လဲနေသည့် ဦးကြည်ဝင်းတို့မှာ မီးလောင်သေဆုံး ခဲ့ခြင်းဖြစ်သည်။ ခြေထောက် မသန်စွမ်း တစ်ဦးဖြစ်သည့် ဦးဖိုးကျော်မှာလည်း ဖမ်းဆီးခံခဲ့ရပြီးနောက် လက်ပြန်ကြိုးတုပ် ခံရပြီးနောက် လည်ပင်းခားထိဒဏ်ရာဖြင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်။

### ပုလာ တို - ဦးစိုးပု

တနင်္သာရီတိုင်း၊ ပုလာမြို့နယ်၊ တိုကျေးရွာခံ ဦးစိုးပုမှာ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၁ နာရီဝန်း ကျင်ခန့်က စစ်ရှောင်နေရာမှ ရွာအမတွင်း ပြန်လာစဉ် တိုကျေးရွာအနီးတောင်ပေါ်၌ တပ်စွဲ ထားသည့် အကြမ်းဖက်စစ်ကောင်စီတပ်များက ပစ်ခတ်သဖြင့် သေဆုံးခဲ့သည်။

**ကိုးကား - ISP Data Matters, AAPP**

